www.dhammadownload.com

မိုးကုတ်ဝိပဿနာပြန့်ပွားရေး



မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊

အနောက်ဂန့်ဂေါ၊

မိုးလယ်တောရကျောင်း၊

ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

# မိုးလယ်ဆရာတော်ဘုရားကြီး

ဘဒ္ဒန္တသံဝရ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးတွင်

၁၄-၁၂-၂၀၀၈ ညနေ ၃-နာရီ အချိန်

ဟောကြားတော်မူသော

## ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်အကြောင်း

## ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိပြုတ်တရားတော်

www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

**မုံလယ်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသံဝရ**

ရန်ကုန်မြို့၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးတွင်

၁၄-၁၂-၂၀၀၈ ညနေ (၃)နာရီအချိန်

ဟောကြားတော်မူသော

**ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်အကြောင်း**

ခန္ဓာညဏ်ရောက် ဒိဋ္ဌိဖြုတ်တရားတော်။

**အနန္တော အနန္တ ငါးပါးကို အာရုံပြု၍ ညီညာဖြဖြ ကန်တော့ကြပါစို့။**

နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ၊
နမော မာတာပိတုဿ၊ နမော အာစရိယဿ။

**ဗုဒ္ဓဿ** - သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ရှင်တော်မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်ကြီးအား၊ **နမော** - ရည်ညွှတ် သဒ္ဓါစေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

www.dhammadownload.com



**ဓမ္မသ** - မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ် ဆယ်ပါးသော တရားတော်မြတ်အား၊ **နမော-** ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**သံဃသ** - မဂ်၌တည်သော ပုဂ္ဂိုလ်လေးပါး ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးပါး၊ ဤရှစ်ပါးသော အရိယာ သံဃာတော်မြတ်တို့အား၊ **နမော-** ရည်ညွှတ်သဒ္ဓါ စေတနာ ဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**မာတာပိတုသ** - မိဘနှစ်ပါးအား၊ **နမော -** ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**အာစရိယသ** - ဝိပဿနာ ဉာဏ်မျက်စိ နှစ်ကွင်း၊ အလင်းရောက်အောင်၊ သစ္စာလေးပါး တရားတော်နှင့် ကုသပေးတော်မူသော ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော် ဘုရားကြီးနှင့် မုံလယ်ဆရာတော်ဘုရားကြီးအား၊ **နမော** - ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ မိဘ၊ ဆရာသမားတို့အား ရိုသေ မြတ်နိုး လက်စုံမိုး၍ ရှိခိုး

www.dhammadownload.com



ပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ကြသော ပူဇဝန္တ ပဏာမစေတနာ၊ သဒ္ဓါ၊ ပညာ၊ ဝီရိယတို့ကြောင့် မိမိတို့ အလိုရှိအပ်တောင့်တအပ်သော မအို၊ မသေ အမြဲနေသော နိဗ္ဗာန်သို့လည်းကောင်း၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့လည်းကောင်း၊ တစ်ထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာငြိမ်းရာ သိမ်းရာဖြစ်သော နိဗ္ဗာန်သို့ လည်းကောင်း၊ မိမိတို့ယခု အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုလွယ်နိုင်ကြသည်ဖြစ်စေ။

## ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း အမေး၊ အဖြေ

### မူလနှစ်ဖြာ လင်္ကာ အမေး၊ အဖြေ

**မေး**။ မူလနှစ်ဖြာ။

**ဖြေ**။ အဝိဇ္ဇာနှင့် တဏှာ။

**မေး**။ သစ္စာနှစ်ခု။

**ဖြေ**။ သမုဒယသစ္စာ၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊

www.dhammadownload.com



ဒုက္ခသစ္စာ။

**မေး**။ လေးခုအလွှာ။

**ဖြေ**။ အတိတ်အကြောင်းတစ်လွှာ၊ ပစ္စုပ္ပန်အကျိုးတစ်လွှာ၊ ပစ္စုပ္ပန်အကြောင်းတစ်လွှာ၊ အနာဂတ်အကျိုး တစ်လွှာ။

**မေး**။ အင်္ဂါတစ်ဆယ့်နှစ်ပါး။

**ဖြေ**။ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာမရဏ။

**မေး**။ တရားကိုယ်များနှင့်။

**ဖြေ**။ အဝိဇ္ဇာ အစ ဇရာမရဏ အဆုံး။

**မေး**။ သုံးပါးအစပ်။

**ဖြေ**။ သင်္ခါရနှင့် ဝိညာဏ်ကြားမှာ တစ်စပ်၊ ဝေဒနာနှင့် တဏှာကြားမှာ တစ်စပ်၊
ကမ္မဘဝနှင့် ဇာတိကြားမှာ တစ်စပ်။

**မေး**။ နှစ်ရပ်မူလ။

**ဖြေ**။ တဏှာနှင့် အဝိဇ္ဇာ။

**မေး**။ ဝဋ်သုံးဝနှင့်။

**ဖြေ**။ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်။

www.dhammadownload.com



**မေး**။ ကာလသုံးဖြာ။

**ဖြေ**။ လွန်လေပြီးသော အတိတ်ကာလ၊ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၊ နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ။

**မေး**။ ခြင်းရာနှစ်ဆယ်။

**ဖြေ**။ အတိတ်အကြောင်း အခြင်းအရာငါးပါး၊
ပစ္စုပ္ပန်အကျိုး အခြင်းအရာငါးပါး၊
ပစ္စုပ္ပန်အကြောင်း အခြင်းအရာငါးပါး၊
အနာဂတ်အကျိုး အခြင်းအရာငါးပါး။

## (အမေး၊ အဖြေ)

**မေး**။ လွန်လေပြီးသော အတိတ်ကာလကို ဖော်ပြပါ။

**ဖြေ**။ အဝိဇ္ဇာ၊ သင်္ခါရပါ ဘုရား။

**မေး**။ အဝိဇ္ဇာ၊ သင်္ခါရ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။

**ဖြေ**။ ကိလေသဝဋ်နဲ့ ကမ္မဝဋ်ပါဘုရား။

**မေး**။ ကိလေသဝဋ်နဲ့ ကမ္မဝဋ်ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။

**ဖြေ**။ အဝိဇ္ဇာက ကိလေသဝဋ်ပါ ဘုရား။ သင်္ခါရက ကမ္မဝဋ်ပါ ဘုရား။

www.dhammadownload.com



**မေး**။ ကိလေသဝဋ်နဲ့ ကမ္မဝဋ်ကို ကာလ အနေနဲ့ ဘယ်ကာလထဲ သွင်းမှာလဲ။

**ဖြေ**။ လွန်လေပြီးသော အတိတ်ကာလပါ ဘုရား။

**မေး**။ လွန်လေပြီးသော အတိတ်ကာလဆိုတာ ဘာဘာ ခေါ်တာလဲ။

**ဖြေ**။ အဝိဇ္ဇာ၊ သင်္ခါရပါ ဘုရား။

**မေး**။ အဝိဇ္ဇာ၊ သင်္ခါရ အလွှာအနေနဲ့ ဘယ်အလွှာထဲ သွင်းမှာလဲ။

**ဖြေ**။ အတိတ်အကြောင်း တစ်လွှာပါ ဘုရား။

**မေး**။ အတိတ်အကြောင်း တစ်လွှာဆိုတာ ဘာဘာ ခေါ်တာလဲ။

**ဖြေ**။ အဝိဇ္ဇာ၊ သင်္ခါရပါ ဘုရား။

**မေး**။ အဝိဇ္ဇာ၊ သင်္ခါရ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။

**ဖြေ**။ သမုဒယသစ္စာပါ ဘုရား။

**မေး**။ အကွက်အနေနဲ့ ဘယ်အကွက်မှာလဲ။

**ဖြေ**။ (၁)အကွက်မှာပါ ဘုရား။

**မေး**။ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလကို ဖော်ပြပါ။

**ဖြေ**။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝပါ ဘုရား။

www.dhammadownload.com



**မေး။** ယခုဖြစ်ဆဲကို ဖော်ပြပါ။

**ဖြေ။** ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါ ဘုရား။

**မေး။** ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။

**ဖြေ။** ဝိပါကဝဋ်ပါ ဘုရား။

**မေး။** ဝိပါကဝဋ်ဆိုတာ ဘာဘာ ခေါ်တာလဲ။

**ဖြေ။** ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါ ဘုရား။

**မေး။** ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ကာလ အနေနဲ့ ဘယ်ကာလထဲ သွင်းမှာလဲ။

**ဖြေ။** ယခုဖြစ်ဆဲ ပစ္စုပ္ပန်အကျိုးကာလပါ ဘုရား။

**မေး။** ယခုဖြစ်ဆဲ ပစ္စုပ္ပန်အကျိုး ကာလဆိုတာ ဘာဘာ ခေါ်တာလဲ။

**ဖြေ။** ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါ ဘုရား။

**မေး။** ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ အလွှာအနေနဲ့ ဘယ်အလွှာထဲ သွင်းမှာလဲ။

**ဖြေ။** ပစ္စုပ္ပန် အကျိုးတစ်လွှာပါ ဘုရား။

www.dhammadownload.com



**မေး**။ ပစ္စုပ္ပန် အကျိုးတစ်လွှာဆိုတာ ဘာဘာ ခေါ်တာလဲ။

**ဖြေ**။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါ ဘုရား။

**မေး**။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ခန္ဓာဖွဲ့တော့ ခန္ဓာငါးပါး မရလား။

**ဖြေ**။ ရပါတယ် ဘုရား။

**မေး**။ ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။

**ဖြေ**။ ဒုက္ခသစ္စာပါ ဘုရား။

**မေး**။ အကွက်အနေနဲ့ ဘယ်အကွက်မှာလဲ။

**ဖြေ**။ (၂)အကွက်မှာပါ ဘုရား။

**မေး**။ ပစ္စုပ္ပန်ကာလကို ဆက်ပြီး ဖော်ပြပါ။

**ဖြေ**။ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝပါ ဘုရား။

**မေး**။ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။

**ဖြေ**။ ကိလေသဝဋ်နဲ့ ကမ္မဝဋ်ပါ ဘုရား။

**မေး**။ ကိလေသဝဋ်နဲ့ ကမ္မဝဋ်ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။

**ဖြေ**။ တဏှာ၊ ဥပါဒါန်က ကိလေသဝဋ်ပါ ဘုရား။

www.dhammadownload.com



ကမ္မဘဝက ကမ္မဝဋ်ပါ ဘုရား။

**မေး။** ကိလေသဝဋ်နဲ့ ကမ္မဝဋ်ကို ကာလ အနေနဲ့ ဘယ်ကာလထဲ သွင်းမှာလဲ။

**ဖြေ။** ပစ္စုပ္ပန် အကြောင်းကာလပါ ဘုရား။

**မေး။** ပစ္စုပ္ပန် အကြောင်းကာလဆိုတာ ဘာဘာ ခေါ်တာလဲ။

**ဖြေ။** တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝပါ ဘုရား။

**မေး။** တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ အလွှာအနေနဲ့ ဘယ်အလွှာထဲ သွင်းမှာလဲ။

**ဖြေ။** ပစ္စုပ္ပန် အကြောင်းတစ်လွှာပါ ဘုရား။

**မေး။** ပစ္စုပ္ပန် အကြောင်းတစ်လွှာဆိုတာ ဘာဘာ ခေါ်တာလဲ။

**ဖြေ။** တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝပါ ဘုရား။

**မေး။** တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။

**ဖြေ။** သမုဒယသစ္စာပါ ဘုရား။

**မေး။** အကွက်အနေနဲ့ ဘယ်အကွက်မှာလဲ။

**ဖြေ။** (၃)အကွက်မှာပါ ဘုရား။

**မေး။** နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလကို ဖော်ပြပါ။

www.dhammadownload.com



ဖြေ။ ဇာတိ၊ ဇရာ၊ မရဏပါ ဘုရား။

မေး။ ဇာတိ၊ ဇရာ၊ မရဏ ဝဋ္ဋအနေနဲ့ ဘယ်ဝဋ္ဋထဲ သွင်းမှာလဲ။

ဖြေ။ ဝိပါကဝဋ္ဋပါ ဘုရား။

မေး။ ဝိပါကဝဋ္ဋဆိုတာ ဘာဘာ ခေါ်တာလဲ။

ဖြေ။ ဇာတိ၊ ဇရာ၊ မရဏပါ ဘုရား။

မေး။ ဇာတိ၊ ဇရာ၊ မရဏ ကာလအနေနဲ့ ဘယ်ကာလထဲ သွင်းမှာလဲ။

ဖြေ။ နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလပါ ဘုရား။

မေး။ နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလဆိုတာ ဘာဘာ ခေါ်တာလဲ။

ဖြေ။ ဇာတိ၊ ဇရာ၊ မရဏ ပါ ဘုရား။

မေး။ ဇာတိ၊ ဇရာ၊ မရဏ အလ္ဍာအနေနဲ့ ဘယ်အလ္ဍာထဲ သွင်းမှာလဲ။

ဖြေ။ အနာဂတ် အကျိုးတစ်လ္ဍာပါ ဘုရား။

မေး။ အနာဂတ် အကျိုးတစ်လ္ဍာဆိုတာ ဘာဘာ ခေါ်တာလဲ။

ဖြေ။ ဇာတိ၊ ဇရာ၊ မရဏပါ ဘုရား။

မေး။ ဇာတိ၊ ဇရာ၊ မရဏ ခန္ဓာဖွဲ့တော့ ခန္ဓာငါးပါး

www.dhammadownload.com



မရလား။

**ဖြေ**။ ရပါတယ် ဘုရား။

**မေး**။ ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။

**ဖြေ**။ ဒုက္ခသစ္စာပါ ဘုရား။

**မေး**။ ဒုက္ခသစ္စာဆိုတာ ဘယ်သဘောကို ခေါ်တာလဲ။

**ဖြေ**။ **ရူပက္ခန္ဓာ** - ဖောက်ပြန် ပျက်စီးတတ်သော သဘောအစု ဖြစ်ပျက်မှု၊

**ဝေဒနာက္ခန္ဓာ** - ခံစားတတ်သော သဘောအစု ဖြစ်ပျက်မှု၊

**သညာက္ခန္ဓာ** - မှတ်သားတတ်သော သဘောအစု ဖြစ်ပျက်မှု၊

**သင်္ခါရက္ခန္ဓာ** - စေ့ဆော် ပြုပြင်တတ်သော သဘောအစု ဖြစ်ပျက်မှု၊

**ဝိညာဏက္ခန္ဓာ** - သိတတ်သော သဘောအစု ဖြစ်ပျက်မှုပါ ဘုရား။

**မေး**။ ခန္ဓာငါးပါး ဖြစ်ပျက်မရလား။

**ဖြေ**။ ရပါတယ် ဘုရား။

**မေး**။ ဖြစ်ပျက် ဘာသစ္စာလဲ။

**ဖြေ**။ ဒုက္ခသစ္စာပါ ဘုရား။

www.dhammadownload.com



**မေး**။ အကွက်အနေနဲ့ ဘယ်အကွက်မှာလဲ။

**ဖြေ**။ (၄)အကွက်မှာပါ ဘုရား။

**မေး**။ (၄)အကွက်က ဒုက္ခသစ္စာ၊ (၂)အကွက်က ဒုက္ခသစ္စာ အခေါ်မတူဘူးလား။

**ဖြေ**။ တူပါတယ် ဘုရား။

**မေး**။ အခေါ်တူငြားသော်လည်း ပစ္စုပ္ပန်နဲ့ အနာဂတ် မခြားနားဘူးလား။

**ဖြေ**။ ခြားနားပါတယ် ဘုရား။

**မေး**။ အနာဂတ် ရောက်ပြီလား။

**ဖြေ**။ မရောက်သေးပါဘူး ဘုရား။

**မေး**။ မရောက်သေးရင် အသုံးချလို့ ရပ့်ါမလား။

**ဖြေ**။ မရပါ ဘုရား။

**မေး**။ အခုရောက်ဆဲ ဘယ်အကွက်မှာလဲ။

**ဖြေ**။ ပစ္စုပ္ပန် (၂)အကွက်မှာပါဘုရား။

**မေး**။ ပဋိစ္စသမုပ္ပါဒ်အားဖြင့် အကွက် ဘယ်နှစ်ကွက်ရှိ။

**ဖြေ**။ (၄)ကွက် ရှိပါတယ် ဘုရား။

**မေး**။ တစ်ကွက်လျှင် ဘယ်နှစ်ပါး။

**ဖြေ**။ (၅)ပါးပါ ဘုရား။

**ဆရာတော်**။ ငါးလေးလီ

www.dhammadownload.com



**ယောဂီများ။** နှစ်ဆယ်

**ဆရာတော်။** ဤရှစ်သွယ်ကို

**ယောဂီများ။** အလွယ်ကျက်မှတ် သိစေအပ်သည်
သံသရာမှ လွတ်ကြောင်းတည်း။

## မူလနှစ်ဖြာ လင်္ကာ အမေး၊ အဖြေ

**မေး။** မူလနှစ်ဖြာ။

**ဖြေ။** အဝိဇ္ဇာနှင့် တဏှာ။

**မေး။** သစ္စာနှစ်ခု။

**ဖြေ။** သမုဒယသစ္စာ၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊
ဒုက္ခသစ္စာ။

**မေး။** လေးခုအလွှာ။

**ဖြေ။** အတိတ်အကြောင်းတစ်လွှာ၊ ပစ္စုပ္ပန်အကျိုးတစ်လွှာ၊
ပစ္စုပ္ပန်အကြောင်းတစ်လွှာ၊ အနာဂတ်အကျိုး
တစ်လွှာ၊

**မေး။** အင်္ဂါတစ်ဆယ့်နှစ်ပါး။

**ဖြေ။** အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊
ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊

www.dhammadownload.com



ဇရာမရဏ။

**မေး**။ တရားကိုယ်များနှင့်။

**ဖြေ**။ အဝိဇ္ဇာ အစ ဇရာမရဏ အဆုံး။

**မေး**။ သုံးပါးအစပ်။

**ဖြေ**။ သင်္ခါရနှင့် ဝိညာဏ်ကြားမှာ တစ်စပ်၊
ဝေဒနာနှင့် တဏှာကြားမှာ တစ်စပ်၊
ကမ္မဘဝနှင့် ဇာတိကြားမှာ တစ်စပ်။

**မေး**။ နှစ်ရပ်မူလ။

**ဖြေ**။ တဏှာနှင့် အဝိဇ္ဇာ။

**မေး**။ ဝဋ်သုံးဝနှင့်။

**ဖြေ**။ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်။

**မေး**။ ကာလသုံးဖြာ။

**ဖြေ**။ လွန်လေပြီးသော အတိတ်ကာလ၊ ယခုဖြစ်ဆဲ
ပစ္စုပ္ပန်ကာလ၊ နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ။

**မေး**။ ခြင်းရာနှစ်ဆယ်။

**ဖြေ**။ အတိတ်အကြောင်း အခြင်းအရာငါးပါး၊
ပစ္စုပ္ပန်အကျိုး အခြင်းအရာငါးပါး၊
ပစ္စုပ္ပန်အကြောင်း အခြင်းအရာငါးပါး၊
အနာဂတ်အကျိုး အခြင်းအရာငါးပါး၊

www.dhammadownload.com



(အမေး၊ အဖြေ)

**မေး**။ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်။
ကိလေသဝဋ် ဘယ်နှစ်ပါးလဲ။

**ဖြေ**။ (၃)ပါးပါ ဘုရား။

**မေး**။ ကမ္မဝဋ် ဘယ်နှစ်ပါးလဲ။

**ဖြေ**။ (၂)ပါးပါ ဘုရား။

**မေး**။ ဝိပါကဝဋ် ဘယ်နှစ်ပါးလဲ။

**ဖြေ**။ (၈)ပါးပါ ဘုရား။

**မေး**။ ကိလေသဝဋ် (၃)ပါးကို ဖော်ပြပါ။

**ဖြေ**။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ပါ ဘုရား။

**မေး**။ သစ္စာလေးပါးကို မသိတာ။

**ဖြေ**။ အဝိဇ္ဇာပါ ဘုရား။

**မေး**။ ခန္ဓာငါးပါးကို မသိတာ။

**ဖြေ**။ အဝိဇ္ဇာပါ ဘုရား။

**မေး**။ အာယတန တစ်ဆယ့်နှစ်ပါးကို မသိတာ။

**ဖြေ**။ အဝိဇ္ဇာပါ ဘုရား။

**မေး**။ ဓာတ် တစ်ဆယ့်ရှစ်ပါးကို မသိတာ။

**ဖြေ**။ အဝိဇ္ဇာပါ ဘုရား။

**မေး**။ ပဋိစ္စသမုပ္ပါဒ် တရားတော်ကို မသိတာ။

www.dhammadownload.com



**ဖြေ**။ အဝိဇ္ဇာပါ ဘုရား။

**မေး**။ သိသင့် သိထိုက်တဲ့တရားကို မသိလို့ အဝိဇ္ဇာလို့ မခေါ်လား။

**ဖြေ**။ ခေါ်ပါတယ်ဘုရား။

**မေး**။ သိရင် ဝိဇ္ဇာပေါ့။

**ဖြေ**။ မှန်ပါ့ ဘုရား။

**မေး**။ ဤ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတရားပေါ်မှာ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါလို့ နှလုံးသွင်း မှားတာကော။

**ဖြေ**။ အဝိဇ္ဇာပါ ဘုရား။

**မေး**။ နှလုံးသွင်း မှားတာ အဝိဇ္ဇာနော်။

**ဖြေ**။ မှန်ပါ့ ဘုရား။

**မေး**။ ဤ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတရားကြီးက ဖြစ်ပြီးတော့ မပျက်လား။

**ဖြေ**။ ပျက်ပါတယ် ဘုရား။

**မေး**။ ဘာသစ္စာလဲ။

**ဖြေ**။ ဒုက္ခသစ္စာပါ ဘုရား။

**မေး**။ ဒုက္ခသစ္စာတရားကြီး မထင်ရှားဘူးလား။

**ဖြေ**။ ထင်ရှားပါတယ် ဘုရား။

www.dhammadownload.com



**မေး။** ဤ ဒုက္ခသစ္စာ တရားပေါ်မှာ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာလို့ နှလုံးသွင်းမှားတာကော။

**ဖြေ။** အဝိဇ္ဇာပါ ဘုရား။

**မေး။** နှလုံးသွင်းမှားတော့ လိုချင်တာ ဘယ်သူလဲ။

**ဖြေ။** တဏှာပါ ဘုရား။

**မေး။** မရရင် မနေဘူးလို့ စွဲလမ်းတာ။

**ဖြေ။** ဥပါဒါန်ပါ ဘုရား။

**မေး။** အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်။ ဤ(၃)ခု ဘယ်ဝဋ်ထဲ သွင်းမှာလဲ။

**ဖြေ။** ကိလေသဝဋ်ပါ ဘုရား။

**မေး။** သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။

**ဖြေ။** သမုဒယသစ္စာပါ ဘုရား။

**မေး။** ကမ္မဝဋ် (၂)ပါးကို ဖော်ပြပါ။

**ဖြေ။** သင်္ခါရနှင့် ကမ္မဘဝပါ ဘုရား။

**မေး။** ပါးစပ်ကပြောတော့ ဘယ်သင်္ခါရ တပ်မလဲ။

**ဖြေ။** ဝစီသင်္ခါရပါ ဘုရား။

**မေး။** ခြေနဲ့ လက်နဲ့ ပြုတော့ ဘယ်သင်္ခါရ။

**ဖြေ။** ကာယသင်္ခါရပါ ဘုရား။

www.dhammadownload.com



**မေး**။ စိတ်က ကြံစည်တော့ ဘယ်သင်္ခါရ။

**ဖြေ**။ စိတ္တသင်္ခါရပါ ဘုရား။

**မေး**။ ပါးစပ်က ပြောတော့ ဘယ်ကံလဲ။

**ဖြေ**။ ဝစီကံ ပါဘုရား။

**မေး**။ ခြေနဲ့ လက်နဲ့ ပြုတော့ ဘယ်ကံလဲ။

**ဖြေ**။ ကာယကံ ပါဘုရား။

**မေး**။ စိတ်က ကြံစည်တော့ ဘယ်ကံလဲ။

**ဖြေ**။ မနောကံ ပါဘုရား။

**မေး**။ ကာယကံ ဝစီကံ မနောကံ၊
ဤသုံးပါး ဘယ်ဝဋ်ထဲ သွင်းမှာလဲ။

**ဖြေ**။ ကမ္မဝဋ် ပါဘုရား။

**မေး**။ ကိလေသဝဋ်နဲ့ ကမ္မဝဋ်ကို သစ္စာဖွဲ့တော့
ဘာသစ္စာလဲ။

**ဖြေ**။ သမုဒယသစ္စာ ပါဘုရား။

**မေး**။ အကွက်အနေနဲ့ ဘယ်အကွက်မှာလဲ။

**ဖြေ**။ (၁)အကွက်မှာပါ ဘုရား။

**မေး**။ ဝိပါကဝဋ် (၈)ပါးကို ဖော်ပြပါ။

**ဖြေ**။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊
ဇာတိ၊ ဇရာ၊ မရဏပါ ဘုရား။

www.dhammadownload.com



**မေး**။ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။

**ဖြေ**။ ဝိပါကဝဋ်ပါ ဘုရား။

**မေး**။ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။

**ဖြေ**။ ဒုက္ခသစ္စာပါ ဘုရား။

**မေး**။ အကွက်အနေနဲ့ ဘယ်အကွက်မှာလဲ။

**ဖြေ**။ (၄)အကွက်မှာပါ ဘုရား။

**မေး**။ ပဋိစ္စသမုပ္ပါဒ်အားဖြင့် အကွက် ဘယ်နှစ်ကွက်ရှိ။

**ဖြေ**။ (၄)ကွက် ရှိပါတယ် ဘုရား။

**မေး**။ တစ်ကွက်လျှင် ဘယ်နှစ်ပါး။

**ဖြေ**။ (၅)ပါးပါ ဘုရား။

**ဆရာတော်**။ ငါးလေးလီ

**ယောဂီများ**။ နှစ်ဆယ်

**ဆရာတော်**။ ဤရှစ်သွယ်ကို

**ယောဂီများ**။ အလွယ်ကျက်မှတ် သိစေအပ်သည်
သံသရာမှ လွတ်ကြောင်းတည်း။

**(သာဓု သာဓု သာဓု)**

www.dhammadownload.com



## မူလနှစ်ဖြာ တစ်ခေါက်။

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊
အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊
နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်၊ ကာလသုံးဖြာ၊
ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို
အလွယ်ကျက်မှတ် သိစေအပ်သည်
သံသရာမှ လွတ်ကြောင်းတည်း။

**နမော တဿ ဘဂဝတော**
**အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**
**နမော တဿ ဘဂဝတော**
**အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**
**နမော တဿ ဘဂဝတော**
**အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ဝိညာဏ်မြင် **သမ္မုတိသစ္စာ**အားဖြင့် ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ အကုသိုလ်ကံ၊ ကုသိုလ်ကံ တရားနှစ်ပါးကို ယုံကြည်ရမယ်လို့ မဟောလား . . . (ဟောပါတယ် ဘုရား)။ ပါဏာတိပါတာ

www.dhammadownload.com



အစ သုရာမေရယ အဆုံး၊ ပါဏာတိပါတာ အစ မိစ္ဆာဒိဋ္ဌိ အဆုံးကို ကျူးလွန်ရင် ကုသိုလ်လား၊ အကုသိုလ်လား . . . (အကုသိုလ်ပါ ဘုရား)။ အကုသိုလ်ကံ အကြောင်းကြောင့် အကျိုးတရားက သေသည်၏ အခြားမဲ့၌ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်လို့ မဟောလား . . . (ဟောပါတယ် ဘုရား)။ ချမ်းသာတဲ့ တရားလား၊ ဆင်းရဲတဲ့တရားလား . . . (ဆင်းရဲတဲ့တရားပါ ဘုရား)။ ယုံကြည်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

ပါဏာတိပါတာ အစ သုရာမေရယ အဆုံး၊ ပါဏာတိပါတာ အစ မိစ္ဆာဒိဋ္ဌိ အဆုံးကို ရှောင်ကြဉ်ရင် အကုသိုလ်လား၊ ကုသိုလ်လား . . . (ကုသိုလ်ပါ ဘုရား)။ ကုသိုလ်ကံ အကြောင်းကြောင့် အကျိုးတရားက လူ့ပြည် နတ်ပြည် ခြောက်ထပ်လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ ဆင်းရဲတဲ့တရားလား၊ ချမ်းသာတဲ့တရားလား . . . (ချမ်းသာတဲ့ တရားပါ ဘုရား)။ ဒါ ကုသိုလ်ကံကြောင့် ဖြစ်တာနော်။ ယုံကြည်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ ယုံကြည်ရမယ်နော်။ ဉာဏ်ကို အားကိုးရမယ်၊ ကံကို ယုံကြည်ရင် အကုသိုလ်ကို ရှောင်ရမှာပေ့ါ။ ကုသိုလ်ကို ဆောင်ရမယ်။

www.dhammadownload.com



မကြားစဖူး ကြားဖူး ထပ်မံနော်။ ရှေးအထက်ကျော် ကာရီက မယ်ဥတ္တရာတို့ ကိုပုဏ္ဏာတို့ပေါ့နော်။ သူဌေးကြီးရဲ့ အိမ်နောက်ဖေး တန်းလျားမှာ နေလို့ သူဌေးကြီးရဲ့ လယ်ယာ ကိုင်းကျွန်း လုပ်ရတာပေါ့။ ကိုယ့်စားရိတ် ကိုယ်စားနော်၊ ဆန်ရင်းကို မဝယ်နိုင်လို့ ဆန်ကွဲ ဆန်ညှာတို့ ဝယ်စား ရတာ ပေါ့။ ဟင်းက ပုံးရည်ဟင်း ဆိုတော့ ဆီမပါဘူးပေါ့၊ အဝတ် က ဆင်းရဲ၊ အစားက ဆင်းရဲ၊ နေစရာက ဆင်းရဲနော်။ အလို လိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရားလား . . . (အကြောင်းကြောင့် အကျိုးတရားပါ ဘုရား)။

အဲဒီလို ဆင်းရဲတာတွေဟာ အတိတ်ဘဝက သူ များစားမည့် အစားအစာတွေ ခိုးခဲ့တာပေါ့။ သူများဝတ်မည့် အထည် အဝတ်အစားတွေ ခိုးခဲ့တာပေါ့။ သူများရဲ့ အသိုက် အအုံတွေ အဆောက်အဦတွေ ဖျက်ဆီးခဲ့တာပေါ့။ အဲဒီ အပြစ်ကြောင့် သေတဲ့အခါ အပါယ်မကျဘူးလား . . . (ကျပါတယ် ဘုရား)။ ငရဲကိုလည်း အားရအောင် ခံရ တယ်နော်။ ငရဲသက်စေ့ လူ့အဖြစ်ရတော့ အငတ် ပြဿနာနဲ့ ရင်ဆိုင်ရတယ်။ သို့သော်လည်း ဒီဘဝကျတော့ခါ ဆရာ ကောင်း သမားကောင်းရဲ့ အဆုံးအမကို ရတဲ့အတွက် ငါးပါး သီလ မကြောင်မကျား မကျိုးမပေါက်အောင် ထိန်းသိမ်း

www.dhammadownload.com



တယ်နော်။ ဘယ်လောက်ပဲ ဆင်းရဲဆင်းရဲ တံငါ မုဆိုး လုပ်စားမယ်လို့ ဖောက်ပြန်ရဲ့လား . . . (မဖောက်ပြန်ပါဘူး ဘုရား)။ သူခိုးတောက်ပြား လုပ်မယ်လို့ ဖောက်ပြန်ရဲ့လား . . . (မဖောက်ပြန်ပါဘူး ဘုရား)။ အဲဒီလို လုပ်နေတာပေါ့။

အဲဒီတော့ တစ်နေ့သ၌ ပညာတေဒဂ်ရတဲ့ အရှင်သာရိပုတ္တရာ ဖလသမာပတ်မှ အထွက်ပေါ့နော်။ ကိုပုဏ္ဏာရဲ့ လယ်ယာ ကိုင်းကျွန်း ထယ်ထိုးတဲ့ဆီကို စူးစူး စိုက်စိုက် လာတာပေါ့။ ကိုပုဏ္ဏာက အဝေးက လှမ်းကြည့်တာပေါ့နော်။ ဒို့ဆီလာတာနဲ့ တူတယ်၊ နွားနှစ်ကောင် ထမ်းပိုးက ချွတ်ပြီးတော့ အနားပေးထားတယ်နော်။ ဆီးသားလေး တံပူတစ်ချောင်းပေါ့၊ တံပူတစ်ချောင်း လုပ်လိုက်တယ် ကြားလား။ အခါတိုင်းက စားသုံးတဲ့ ဆားလေး ခန့်မှန်းခြေ တစ်မတ်သားပေါ့။ ရေက တစ်ဖလားပေါ့။

အနားရောက်တဲ့အခါ ဦးတိုက် ရှိခိုး၊ အရှင်ဘုရား အရှင်ဘုရား တစ်မြို့လုံးမှာ ကြည့်ချင်သလိုကြည့် တပည့်တော်တို့လောက် ဆင်းရဲတာ တစ်ယောက်မှ မရှိဘူးပေါ့။ ဒီနေ့တော့ တပည့်တော်တို့ကို ချီးမြှောက်တော်မူပါ ဘုရားလို့ မလျှောက်လား . . . (လျှောက်ပါတယ် ဘုရား)။ ခပ်ဆိတ်ဆိတ် နေလိုက်တယ်နော်။ ရေတစ်ဖလား ကပ်တာပေါ့။

www.dhammadownload.com



ဆားလေးက ခန့်မှန်းခြေ တစ်မတ်သားပေါ့။ ဆီးသားလေး တံပူတစ်ချောင်း။ သူ့ရှေ့တွင်ကို သွားဖုံးတို့ သွားတို့ ဆားနဲ့ ပွတ်တိုက်တာပေါ့၊ အားရပါးရ တိုက်ပြီးတော့ တံပူလေးနဲ့ ခြစ်တယ်နော်။ ရေဖလားထဲက ရေကို သုံးခါလောက် ပလုတ်ပလဲ ကျင်းလိုက်တာပေါ့။ ထွေးပစ်လို့ ကျန်တဲ့ရေကို သောက်လိုက်တာကိုး။ ဂွတ် ဂွတ် ဂွတ် ဂွတ်နဲ့ သောက် လိုက်တော့ ကိုပုဏ္ဏစိတ်ထဲမှာ **သဒ္ဓါ ပီတိ ဂွမ်းဆီထိ**၊ သိန်း ပေါင်းများစွာ လှူရသလို အားရပါးရကြီး ဖြစ်မသွားလားဟဲ့ . . . (ဖြစ်သွားပါတယ် ဘုရား)။

အဲဒါ ပြီးတော့မှ ဒီပုဂ္ဂိုလ်က ပညာတေဒဂ်ရတဲ့ အရှင်သာရိပုတ္တရာ မြို့ကို ဆွမ်းခံ ထွက်သွားတော့တာနော်။ ကြင်ယာဖက်ဖြစ်တဲ့ မယ်ဥတ္တရာက ကိုပုဏ္ဏဆီ ထမင်းပို့ အလာပေါ့။ ရာသီဥတုက ဆောင်းရာသီ၊ အဲ မိုင်းတွေက လည်း တိုက်တော့၊ ခပ်လှမ်းလှမ်း လေးဖာလုံလောက် ဆို တော့ မသိသာဘူးပေါ့။ လူမှန်း၊ ရဟန်းမှန်း မသိသာဘူး နော်။ နှစ်ဖာလုံ လောက်ကျကာမှ ရဟန်းမှန်း သိတယ်။ အလှူခံပုဂ္ဂိုလ်တော့ တွေ့ပြီပေါ့၊ လှူစရာလည်း ပါတာပေါ့၊ လှူရမလား မလှူရဘူးလားပေါ့နော်။ အဲဒီပုဂ္ဂိုလ်ကို လှူ လိုက်ရင် ကိုပုဏ္ဏ သူ့ အချိန်နဲ့သူ ထမင်းမစားရရင် ဆာလောင်

www.dhammadownload.com



မွတ်သိပ်လို့ ဒုက္ခရောက်တော့မှာပေါ့။ လျှုစရာလည်းပါ၊ အလှူခံပုဂ္ဂိုလ် တွေ့လို့မှ မလှူရင် ရှေ့ကို လှူဖို့ မလွယ်ဘူးပေါ့။ ခြေတစ်လှမ်းချင်း လောဘနဲ့ အလောဘ စစ်ထိုးသွားတာ။ လှူမယ် မလှူဘူး၊ လှူမယ် မလှူဘူးပေါ့ကွ။

အနားကပ်လို့ ခြောက်တောင်အကွာကျတော့၊ အရှင်ဘုရား တပည့်တော်မ သနားသောအားဖြင့် အလှူခံတော်မူပါ ဘုရား၊ ဆွမ်း အလှူခံတော်မူပါ မလျှောက်ရဘူးလား . . . (လျှောက်ရပါတယ် ဘုရား)။ ရပ်ပြီးတော့ နေတယ်နော်။ သူ့မှာ ဆန်ကွဲဆွမ်းနဲ့ ပုံးရည်ဟင်းပေါ့။ အဲဒါ လှူလိုက် လောင်းလိုက်တယ်၊ ကြားလား။ စဉ်းစားဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

အဲဒီ အလှူခံ ပုဂ္ဂိုလ်ကလည်း သာမန်ပုဂ္ဂိုလ် မဟုတ်ဘူးနော်။ သူဌေးသားကွဲ့၊ သာရိပုတ္တရာမရဲ့သား၊ ကဲ မြို့ကို မသွားတော့ဘူး၊ ဆန်ကွဲဆွမ်းနဲ့ ပုံးရည်ဟင်းနဲ့ သူကျောင်း ပြန်တော့တာ။ ဘုန်းကြီးကတော့ မစားနိုင်ဘူးကွဲ့၊ ဒါနဲ့ . . . မြို့ကိုပဲ ဆက်သွားဦးမှာ၊ မြို့ကို ဆက်သွားလို့ ဆီဦးထောပတ် ရရင်တော့ အသွန်ပေါ့ကွဲ့၊ မစားနိုင်ဘူး မစားနိုင်ဘူး ကြားရဲ့လား။ စိတ်ကိုနိုင်တော့ ချမ်းသာရတယ်လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။

www.dhammadownload.com



စိတ်ကို နိုင်တာ။ ဘုန်းကြီးတို့ စိတ်ကို မနိုင်ပဲကိုး၊ ဘယ်စိတ်လဲလို့ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

လယ်တီဆရာတော် ရှေးအထက်ကျော်က ဟောတယ်နော်၊ **တဏှာပူးတဲ့ အရှူးတွေရယ်** လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ လောဘ တဏှာ၊ လောဘ စိတ် မဟုတ်လားဟေ့ . . . (ဟုတ်ပါတယ် ဘုရား)။ သူ့အလို လိုက်ရတာ မပြီးတော့ဘူးနော်။ ငရဲလည်း ခဏ ခဏ ရောက်ပေါ့၊ တိရစ္ဆာန်ဘုံလည်း ခဏခဏ ရောက်ပေါ့။ လူ့အဖြစ် နတ်အဖြစ်က နည်းတယ်။ အဲဒီလို စိတ်အလို လိုက်ပြီးတော့နေခဲ့တာ သံသရာခရီးကြောမှာ မနည်းတော့ဘူးနော်။ အဲဒီလို စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အင်မတန် ကြောက်စရာကောင်းတယ် နော်။

အဲဒါနဲ့ ပြန်ပြီးတော့ အိမ်ရောက်တဲ့အခါ မီးမွှေးရတာပေါ့၊ မီးပြင်းထိုးရတာပေါ့။ အိုးတည် ဆန်ခတ်၊ တည်လိုက်တာပေါ့၊ ပွက်ပွက်ဆူတဲ့အခါ ငှဲ့၊ ထမင်းရည် ငှဲ့ရတယ်နော်။ မီးကျိုးလေး ထိုးပြီးတော့မှ နှပ်ထားရတာကိုး။ မန်ကျည်းသီး အစိမ်းလေး လေးငါးတောင့် ထည့်ပြီးတော့ တည်လိုက်ရတာကိုး၊ ဆားနဲ့နော်။ ရေတစ်ဝက်လောက် ခန်းပြီဆိုခါမှ ပုံးရည်ဟင်းပေါ့၊ ကန်စွန်းရွက်ကို ခပ်လိုက်တာပေါ့။

www.dhammadownload.com



အဲဒါ ချက်ပြုတ်ပြီးတော့ တောကို တဖန်ပြန် ထမင်းပို့ မလာဘူးလား . . . (ပို့လာပါတယ် ဘုရား)။ လာတဲ့အခါ သူ့ယောက်ျား ကိုပုဏ္ဏက သူ့အချိန်နဲ့သူ မစားရတော့ ဆာလောင်မွတ်သိပ်လို့ ထမ်းပိုးပေါ်လေးမှာ မေးတင်ပြီးတော့ အိပ်ပျော်နေတော့တာပေ့ါ။ ရှူးရှူး ရှဲရှဲ။ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ နှိုးရမလား မနှိုးရဘူးလား။ နှိုးရမလား၊ မနှိုးရဘူးလားပေ့ါ။ ရှေးသူဟောင်းတွေပြောတာ **အိပ်ရေးပျက်တာ ထမင်းနှစ်နပ် ငတ်တာထက် ပိုဆိုးတာပေ့ါ**။ မနှိုးစေကြောင့်ဘူး။ ဩော် ကိုပုဏ္ဏ ကိုပုဏ္ဏ ရုပ်ဆင်းအင်္ဂါက ချောပါဘိသနဲ့။ ငါနဲ့ရလို့ ဆင်းရဲတာတဲ့ဗျ၊ ငါနဲ့မရရင် သူဌေးသမက် ဖြစ်လောက်တယ်တဲ့ကွဲ့။ လေ့လာဖို့ မကောင်းလားဟေ့ . . . (ကောင်းပါတယ် ဘုရား)။ ချစ်ခြင်းမေတ္တာတွေ ပြိုင်တော့တာနော်။ အဲဒီလို စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

အတန်ငယ်ကြာတော့ ဆောင်းချွေးပြန်တဲ့ အခါမှာ အကိုကြီး ထထ ထထလို့ မနှိုးရဘူးလား . . . (နှိုးရပါတယ် ဘုရား)။ ထလို့ မျက်နှာသစ်၊ ပလုတ်ပလဲကျင်း။ ရှင်မရေ ငါကုသိုလ်လုပ်တာ အမျှပေးမယ်၊ သာဓုခေါ်လို့ မပြောရဘူးလား . . . (ပြောရပါတယ် ဘုရား)။ တောထဲ တောင်ထဲမှာ

www.dhammadownload.com



ဘာကုသိုလ်တွေလဲလို့ မမေးရဘူးလား . . . (မေးရပါတယ် ဘုရား)။ ဆီးသားလေး တံပူတစ်ချောင်းနော်။ ဆားလေး ခန့်မှန်းခြေ တစ်မတ်သားပေါ့၊ ရေက တစ်ဖလား လှူလိုက်တယ်။ အဲဒါ အားလုံး ပလုတ်ပလဲ ကျင်းပြီးတော့မှ ကျန်တဲ့ရေကို သောက်လိုက်တာ၊ သူ့စိတ်ထဲမှာ သိန်းပေါင်းများစွာ လှူရသလို အားရပါးရကြီး ဖြစ်သွားတယ်၊ ကြားလား။ မြတ်စွာဘုရားက **စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ** လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ အထည်ကြီးမှ အကျိုးပေးတယ်၊ သေးတာ အကျိုးမပေးလို့ မဟောဘူးနော်။ စေတနာကို အဓိကထားတာ၊ အဲဒီလို စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

အဲဒါနဲ့ . . . ဒီနေ့ ထမင်းပို့ နောက်ကျတာ တခြားမဟုတ်၊ အဲဒီ အလှူခံပုဂ္ဂိုလ်နဲ့ တွေ့တာပေါ့။ တွေ့တဲ့အခါကျတော့ အလှူခံပုဂ္ဂိုလ်နဲ့တွေ့။ လှူရမလား၊ မလှူရဘူးလား၊ လှူရမလား၊ မလှူရဘူးလား၊ သွားရင်း လာရင်းပေါ့။ လောဘနဲ့ အလောဘ စစ်ထိုးတာပေါ့။ အနားကပ်ပြီးတော့ ရောက်ခါမှ၊ အပြစ်တင်ခါမှ တင်. . . ဆိုပြီး၊ ရပ်ပါဦးဘုရား၊ တပည့်တော်မ သနားသောအားဖြင့် ဆွမ်းအလှူခံပါလို့ မလျှောက်ရဘူးလား . . . (လျှောက်ရပါတယ်ဘုရား)။ အဲဒါ လှူလိုက်

www.dhammadownload.com



လောင်းလိုက်လို့ ဒီနေ့ အသစ် တစ်ဖန် ပြန်ချက်လို့ ထမင်းပို့တာ နောက်ကျတာပေါ့။ အပြစ်တင်ကာမှ တင်နော်။ ကျေးဇူးတင်လို့ မဆုံးဘူးတဲ့ ကြားလား။ အဲဒီ ကုသိုလ်လည်း အမျှပေးတယ်နော်။ ဘုန်းကြီးက ထမင်း ဒါလောက်ထိ နောက်ကျပြီးတော့မှပို့တာ နင်လင်ငယ် ရှာတာလားလို့ ပြောတော့မှာ။ ဘုန်းကြီး အတုခိုးရင် သုံးဆယ့်တစ်ဘုံက ထွက်ပါ့မလားဟ. . . (မထွက်ပါဘူးဘုရား)။ မထွက်ဘူးကွဲ့၊ ကိုပုဏ္ဏာ အတုတော့ ယူဦးမှပဲ့။ အဲဒီလို လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

အဲဒါနဲ့ စားသုံးလို့ အိပ်ကြပြန်တာပေါ့။ အိပ်တဲ့အခါ ကိုပုဏ္ဏာက အရင်နိုးတာကိုး၊ မယားမျက်နှာကို စေ့စေ့ကြည့်၊ သြော် မယ်ဥတ္တရာ၊ မယ်ဥတ္တရာ၊ ရုပ်ဆင်းအင်္ဂါ ချောပါလျက်နဲ့ ငါနဲ့ ရလို့ ဆင်းရဲတာ၊ ငါနဲ့ မရရင် သူဌေးကတော်ဖြစ် လောက်တယ်တဲ့ဗျ။ စဉ်းစားဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒါနဲ့ တောင်မြောက် လေးပါးလှည့်ကြည့်လိုက်တဲ့အခါကျတော့ အတိတ်က သူပြုခဲ့တဲ့ အကုသိုလ်ကံက ကုန်သွားပြီကိုး။ မြေကြီးက ရွှေသီး လာခဲ့တော့တာပော့။ အခုပြောတဲ့ ထယ်ချေးတုံးကြီးတွေက ရွှေတုံးကြီးတွေ ဖြစ်ကုန်တော့တာ။ ရှင်မရေ ထစမ်းပါ၊ ထစမ်း

www.dhammadownload.com



ဟာ၊ ငါ့မျက်စိ ဘာဖြစ်သလဲ မသိ၊ ထစမ်း ထစမ်း။ အမှိုက်ဝင်သလား၊ အမှိုက်ဝင်တာ မဟုတ်ဘူး၊ ရွှေတုံးကြီးတွေ မြင်တယ်တဲ့။ ထပြီးတော့ကြည့်တော့ ရွှေတုံးကြီးတွေကွဲ့။ အဲဒီမှာ သူဌေးကြီးကို သွားအကြောင်း ကြားတယ်နော်။

သူဌေးမင်း မြေကြီးက ရွှေသီးနေပြီပေါ့၊ ခန့်မှန်းခြေ ဘယ်လောက်ရှိတယ်၊ မမေးရဘူးလား . . . (မေးရပါတယ် ဘုရား)။ လှည်းအစီး နှစ်ရာပေါ့၊ လှည်းအစီး နှစ်ရာနဲ့ လာတိုက်ပေါ့နော်။ အဲဒီလောက် ဆင်းရဲနွမ်းပါးပြီး သော်လည်း အဲဒီ ရွှေတွေကို ခိုးမယ် ယူမယ်လို့ စိတ်ကူးထည့်ရဲ့လား . . . (မထည့်ပါဘူး ဘုရား)။ မထည့်ဘူးနော်။ ဘုန်းကြီးက တော့ ဒီလောက် ငတ်ပြီးတော့ မနေနိုင်ဘူးကွဲ့၊ တစ်ထမ်း တော့ ခိုးတော့မှာ၊ အင်း နည်းတဲ့ ရွှေတွေမှတ်လို့၊ တစ်ထမ်း တော့ ခိုးတော့မှာ။ ဒီဘဝတော့ အားရအောင်စား၊ သေတဲ့ အခါ ငရဲသွားပေါ့ကွာ၊ စဉ်းစားဖို့ မကောင်းလား . . . (ကောင်းပါတယ်ဘုရား)။ အေး အဲဒါ ဘယ်လို အဓိပ္ပာယ်လဲ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒီ ရွှေတွေထက် ကိုပုဏ္ဏ သီလအကျိုးများတာ၊ သီလ အဖိုးတန် တာကို သိစေချင်တာ၊ ကြားရဲ့လား။

အခု လူတွေက ရွှေတွေကို ဦးစားပေးနေတာ။ အဲဒီ

www.dhammadownload.com



သီလက အဖိုးတန်တာဗျ၊ သီလတန်ဖိုး နားမလည်တော့ မုသား မသုံးကြဘူးလား . . . (သုံးကြပါတယ် ဘုရား)။ ဆန်တစ်တင်းကို နို့ဆီ တစ်လုံးလျော့ နှစ်လုံးလျော့တွေ ရောင်းတာတွေ မရှိဘူးလား . . . (ရှိပါတယ် ဘုရား)။ တစ်ပိဿာကို နှစ်ကျပ်သားလျော့ သုံးကျပ်သားလျော့ ရောင်းတာတွေ မရှိဘူးလား . . . (ရှိပါတယ် ဘုရား)။ မတရား သက်သေတွေ၊ မုသား သုံးတာတွေ မရှိဘူးလား . . . (ရှိပါတယ် ဘုရား)။ အရက်သောက်ပြီးတော့ မူးယစ်တာတွေ မရှိဘူးလား . . . (ရှိပါတယ် ဘုရား)။ အဲဒီလောက် အဖိုးတန်တဲ့ သီလကို အရက်ပုလင်းနဲ့ လဲသောက်တာ ငါ အံ့ဩလို့ မကုန်ကွာ။ စိစစ်ဖို့ မကောင်းလားဟေ့ . . (ကောင်းပါတယ် ဘုရား)။ ဘယ်လောက်များ အဖိုးတန်တဲ့ သီလလဲကွဲ့နော်။ လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒါ သီလ အဖိုးတန်တာ သိစေချင်တာပေါ့။ (မှန်ပါ့ ဘုရား)။ စဉ်းစားနော်။

အဲဒီသူဌေးကြီးက လှည်းနဲ့ လာတင်တော့ လှည်းအစီးနှစ်ရာဟာ၊ လှည်းပေါ်လည်းရောက် မြေကြီး ဖြစ်သွားတော့တာ။ သုံးပုံ တစ်ပုံ ကျန်သေးတယ်။ ငါ့ပစ္စည်း မဟုတ်၊ ရေမြေသနင်း ပြည့်ရှင်မင်း ရှင်ဘုရင်ရဲ့ ပစ္စည်းဖြစ်မယ်။

www.dhammadownload.com



ရှင်ဘုရင်ကို သွားပြီးတော့ သံတော်ဦး တင်လိုက်တာပေါ့။ သံတော်ဦး တင်တဲ့အခါ ခန့်မှန်းခြေ ဘယ်လောက် ရှိသလဲ မမေးရဘူးလား . . . (မေးရပါတယ် ဘုရား)။ သူ သွားတင်တာ လှည်းအစီးနှစ်ရာနော်။ သုံးပုံ တစ်ပုံ ကျန်သေးတာပေါ့။ လှည်းအစီး သုံးရာနဲ့မှ ပြည့်မှာပေါ့။ လှည်းအစီး သုံးရာနဲ့ လာတင်တယ်၊ ကြားရဲ့လား။ လှည်းပေါ်လည်းရောက် မြေကြီး ဖြစ်သွားတော့တာ။ ရှင်ဘုရင်ကြီးက စဉ်းစားတယ်၊ ကိုပုဏ္ဏတို့ မယ်ဥတ္တရာတို့ ပစ္စည်းမှန်က လှည်းပေါ်မှာ ရွှေဖြစ်ပါစေသားလို့ အဓိဋ္ဌာန်မပြုလား . . . (ပြုပါတယ် ဘုရား)။ အဓိဋ္ဌာန်ပြုတော့ ရွှေဖြစ်တော့တာနော်။ ကိုပုဏ္ဏတို့ မယ်ဥတ္တရာတို့ကို နန်းတော်ခေါ်၊ သူဌေးဘွဲ့ပေးတာကွဲ့။ အဲဒါ သူဌေးဘွဲ့ရတာ သီလကုသိုလ်ကွဲ့။ ရွှေတွေကား မရလား . . . (ရပါတယ် ဘုရား)။ ရွှေတွေရတာက ဒါနကုသိုလ်။ သူဌေးဘွဲ့ရတာက သီလကုသိုလ်။ ဘယ်လောက်များ အားရစရာကောင်းသလဲနော်။

ဒါ ကမ္မဿကတာသမ္မာဒိဋ္ဌိ ကံ ကံ၏ အကျိုးကို ယုံကြည်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒါ **ကံကို ယုံကြည်ရမှာ၊ ဉာဏ်ကို အားကိုးရမှာ။** ဉာဏ်ဆိုတဲ့ ကိစ္စတွေက စိစစ်ဖို့မလိုလား . . . (လိုပါတယ် ဘုရား)။

www.dhammadownload.com



ခန္ဓာသိဖို့ လိုတာပေ့ါ။ သစ္စာသိဖို့ လိုတာပေ့ါ။ ပဋိစ္စသမုပ္ပါဒ် သိဖို့ လိုတာပေ့ါ။ လက်တွေ့ မျက်တွေ့နော်။ ထင်တာနဲ့ မြင်တာပေ့ါ၊ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

ကဲ လူထင်လို့ ဘုရားပေးတဲ့ ဉာဏ်လက်နဲ့ ကိုင်စမ်း ကြည့်နော်။ ဆံဖျားက ခြေဖျား၊ ခြေဖျားက ဆံဖျားပေ့ါ။ မာတဲ့သဘော မတွေ့လား . . . (တွေ့ပါတယ် ဘုရား)။ ပျော့တဲ့ သဘော မတွေ့လား . . . (တွေ့ပါတယ် ဘုရား)။ မာတယ်လို့ သိတဲ့အချိန်လေးမှာ ဦးခေါင်းကား တွေ့ရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ ကိုယ်ကောင်ကော တွေ့ရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ မာတာလို့ပဲ သိနေတယ်နော်။ ခြေတွေ လက်တွေကား တွေ့ရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ ခြေ လက်အင်္ဂါ သုံးဆယ့်နှစ်ကောဋ္ဌာသ မတွေ့တာ ရှိလို့လား၊ မရှိလို့လား . . . (မရှိလို့ပါ ဘုရား)။ မရှိရင် ခြေ လက်အင်္ဂါမှ မရှိရင်၊ လူကား ရှိရဲ့လား . . . (မရှိပါဘူး ဘုရား)။ လူမရှိရင် နတ်ကား ရှိရဲ့လား . . . (မရှိပါဘူး ဘုရား)။ ဗြဟ္မာကား ရှိရဲ့လား . . . (မရှိပါဘူး ဘုရား)။ တွေ့နေတာက မာတဲ့သဘောပဲ တွေ့တယ်နော်။ ပျော့တဲ့ သဘောပဲ တွေ့တယ်နော်။ မာတယ် ပျော့တယ် သိတာ

www.dhammadownload.com



သူ ငါလား ကာယဝိညာဏ်လား . . . (ကာယဝိညာဏ်ပါ ဘုရား)။ နာမ်တရား မရဘူးလား . . . (ရပါတယ် ဘုရား)။ မာတာ ပျော့တာ ရုပ်တရား မရဘူးလား . . . (ရပါတယ် ဘုရား)။ နာမ်၊ ရုပ် နှစ်ပါး . . .။ လက်တွေ့ မျက်တွေ့နော်။ အဲဒီလို စိစစ်ဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒါ လိုရင်းအချက်တွေပေါ့ကွဲ့။

အခု ရာဂစိတ်၊ ဒေါသစိတ်၊ မောဟစိတ်ဆိုတဲ့ ကိစ္စတွေဟာ နာမ်၊ ရုပ်ပေါ်မှာ ဖြစ်တာလား၊ ပုဂ္ဂိုလ် သတ္တဝါ မြင်လို့ ဖြစ်တာလား . . . (ပုဂ္ဂိုလ် သတ္တဝါ မြင်လို့ ဖြစ်တာပါ ဘုရား)။ တကယ့် အမြင်ခံ အရှုခံတရားမှာ လူလား၊ နာမ်နဲ့ ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ နတ်လား၊ နာမ်နဲ့ ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ ဗြဟ္မာလား၊ နာမ်နဲ့ ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ နာမ်၊ ရုပ်ကို ပြန်ဆန်းစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ ရုပ်တရားကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား . . . (ပျက်ပါတယ် ဘုရား)။ နာမ်တရားက သိပြီးတော့ မပျက်လား . . . (ပျက်ပါတယ် ဘုရား)။ နိစ္စလား၊ အနိစ္စလား . . . (အနိစ္စပါ ဘုရား)။ ကိလေသာအာရုံ ဟုတ်ကဲ့လား . . . (မဟုတ်ပါဘူး ဘုရား)။ အဲဒီလို လေ့လာဖို့မကောင်းလား . . . (ကောင်း

www.dhammadownload.com



ပါတယ် ဘုရား)။ နှလုံးသွင်း မှားလို့ ဖြစ်တာ၊ နှလုံးသွင်းမှန်ဖို့ မလိုဘူးလား . . . (လိုပါတယ် ဘုရား)။ အဲဒါ လိုရင်း အချက်တွေပေါ့နော်။

အခု လူတွေက (၂)အကွက်ကို ပြန်ကြည့်၊ ဝေဒနာပစ္စယာ တဏှာ၊ သညာပစ္စယာ တဏှာနဲ့ နေကြတယ်ကွဲ့။ သင်္ခါရပစ္စယာ တဏှာပေါ့။ ဝိညာဏပစ္စယာ တဏှာပေါ့။ ရူပပစ္စယာ တဏှာပေါ့။ အဲဒါ (၂)အကွက်၊ ဟိုစက်ဝိုင်းကြီးမှာ သွားမကြည့်နဲ့၊ ထမင်းစားတုန်း စက်ဝိုင်း ဘယ်လိုလုပ် ကြည့်မလဲဟေ့။ ကဲ စားနေပြီ၊ ငရုတ်သီးခွက် နှိုက်တော့ စပ်လွန်းလို့ ထွေးပစ်လိုက်တာ၊ အဲဒါ (၂)အကွက်မှာ ဖြစ်တာ မဟုတ်လား . . . (ဟုတ်ပါတယ် ဘုရား)။ ဝေဒနာပစ္စယာ ဒေါသပေါ့။ လေ့လာဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ လေ့လာ . . . ။ တစ်ယောက်က နောက်မှ နှိုက်တာကိုး။ အခုမှ အရသာတွေ့တယ်၊ အရသာတွေ့တယ်လို့ မပြောဘူးလား . . . (ပြောပါတယ် ဘုရား)။ ဝေဒနာပစ္စယာ တဏှာပေါ့။ လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒါကြောင့် **ဥပေက္ခာဝေဒနာ လျှာမှာပေါ်သည်** မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ **ဒေါမနဿဝေဒနာ**

www.dhammadownload.com



**စိတ်မှာ ပေါ်သည်** မဟောဘူး လား . . . (ဟောပါတယ် ဘုရား)။ **သောမနဿဝေဒနာ စိတ်မှာပေါ်သည်** မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ အဲဒါ နှလုံးသွင်းမှားလို့ ဖြစ်တာ။ ရူပပစ္စယာ တဏှာ နော်။ သူ့ကိုမြင်ရတာ သာယာတယ် နှစ်သက်တယ် ချစ်တယ်လို့ မပြောဘူးလား . . . (ပြောပါတယ် ဘုရား)။ အဲဒါ စိစစ်ဖို့ လိုတယ်နော်။

အမြင်ခံ အရှုခံတရား ရူပက္ခန္ဓာက ရေမြှုပ်ကြီးနဲ့ တူတယ်လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ အဲဒါ အဆင်းရူပက္ခန္ဓာမှာ **မြင်တာကို သညာဖုံးတယ်၊ သညာကို သက်ာရှင်းမှ သက်ာကင်းမယ်** လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ မြင်တာက အဆင်းဓါတ်ကို မြင်တာ သညာက မင်းသမီး၊ သညာက မင်းသား။ မင်းသမီး မင်းသား မြင်တဲ့အခါကျတော့ လိုချင်တဲ့ လောဘတဏှာ မဖြစ်လား . . . (ဖြစ်ပါတယ် ဘုရား)။ ဒါ နှလုံးသွင်းမှန်တာလား၊ မှားတာလား . . . (မှားတာပါ ဘုရား)။ အမြင်ခံ တရားက ရူပက္ခန္ဓာနော်။ အဲဒီ အဆင်း ရူပက္ခန္ဓာက ချောင်းထဲ မြစ်ထဲမှာ ရေမြှုပ်ကြီး ပမာဏ၊ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ ရေမြှုပ် ဘယ်လောက်ပဲကြီးကြီး ကိုင်စမ်းကြည့်နော်။ လက်ညှိုးနဲ့ လက်မပဲ ထိသွားမှာပေါ့၊

www.dhammadownload.com



ခုခံရဲ့လား . . . (မခုခံပါဘူး ဘုရား)။ အနှစ်သာရ ရှိရဲ့လား . . . (မရှိပါဘူး ဘုရား)။ အဲဒီလို လှေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

**ရူပက္ခန္ဓာလို့ သိ၊ အနိစ္စလို့ သိ** ဆို ကဲ သာယာတဲ့ တဏှာလာဦးမလား . . . (မလာတော့ပါဘူး ဘုရား)။ အခု တော့ ရူပက္ခန္ဓာကို လှေ့လာတော့ ရူပက္ခန္ဓာက ပရမတ်နော်။ အဆင်း ရူပက္ခန္ဓာက ပရမတ်နော်။ အဆင်းလို့ မြင်သိတာ စက္ခုဝိညာဏ်က နာမ်တရား မရလား . . . (ရပါတယ် ဘုရား)။ အဆင်းက ရုပ်တရား မရလား . . . (ရပါတယ် ဘုရား)။ နာမ်၊ ရုပ်နှစ်ပါး၊ နာမ်ရုပ်က ပရမတ်ပေ့ါ။ မင်းသမီး က ပညတ်ပေ့ါ။ နာမ်ရုပ်က ပရမတ်ပေ့ါ၊ မင်းသားက ပညတ် ပေ့ါ။ စိစစ်ဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

အဆင်း ရူပက္ခန္ဓာတရားအပေါ်မှာ မင်းသမီး အနေနဲ့ လိုချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘတဏှာ သမုဒယသစ္စာ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ လောဘတဏှာ သမုဒယသစ္စာ အကြောင်းရှိတော့ အကျိုး ခန္ဓာမရလား. . . (ရပါတယ် ဘုရား)။ ခန္ဓာရရင် အို နာ သေလွတ်ကဲ့လား . . . (မလွတ်ပါဘူးဘုရား)။ ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါ ဘုရား)။ ဒါ သမုဒယဒုက္ခပေ့ါ။ အဲဒီလို

www.dhammadownload.com



လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

အသံ ရူပက္ခန္ဓာ တရားအပေါ်မှာ မင်းသားလေး အနေနဲ့ သာယာမှု နှစ်သက်မှု စွဲလမ်းမှုပေါ့။ သူ့အသံလေး ကြားရတာ သာယာတယ်လို့ မပြောဘူးလား . . . (ပြောပါတယ် ဘုရား)။ ဒါ တဏှာပေါ့။ စင်စစ်တော့ကာ အသံ ရူပက္ခန္ဓာလို့ သိဖို့ မလိုဘူးလား . . . (လိုပါတယ် ဘုရား)။ ဒါ မင်းသား အနေနဲ့ နှလုံးသွင်း မှားလို့ ဖြစ်တာပေါ့။ အဲဒါကြောင့် ရူပပစ္စယာ တဏှာပေါ့။ လေ့လာဖို့ မကောင်း လား . . . (ကောင်းပါတယ် ဘုရား)။ အဲဒါ လိုရင်း အချက် တွေနော်။

အသံ ရူပက္ခန္ဓာ တရားအပေါ်မှာ မင်းသား အနေနဲ့ လိုချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘတဏှာ သမုဒယ သစ္စာ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ လောဘတဏှာ သမုဒယသစ္စာ အကြောင်းရှိတော့ အကျိုး ခန္ဓာ မရလား . . . (ရပါတယ် ဘုရား)။ အို နာ သေ လွတ်ကဲ့ လား . . . (မလွတ်ပါဘူး ဘုရား)။ ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါ ဘုရား)။ ဒါ သမုဒယ၊ ဒုက္ခပေါ့။

အသံ ရူပက္ခန္ဓာတရား၏ ဖြစ်ခြင်းပျက်ခြင်းက ဘာ သစ္စာလဲ . . . (ဒုက္ခသစ္စာပါ ဘုရား)။ ဒုက္ခသစ္စာလို့ ပိုင်းခြား

www.dhammadownload.com



လို့ သိတာက . . . (သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာပါ ဘုရား)။ သမုဒယ သစ္စာ သေတာနဲ့ နောက်ခန္ဓာ မလာတာ . . . (နိရောဓ သစ္စာပါ ဘုရား)။ ကဲ မဂ္ဂ နိရောဓပေါ့။ ဒီလိုဆို (၂)က (၃)ကို ကူးသေးရဲ့လား . . . (မကူးပါဘူး ဘုရား)။ အသံနဲ့ ပတ်သက်တာ (၂) အကွက်မှာကွဲ့။ အဆင်းလို့ မြင်ဆဲလည်း (၂)အကွက်ကွဲ့၊ စားဆဲလည်း (၂)အကွက်မှာ၊ အဲဒီလို လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ ထိထိ မိမိ သဘောပေါက်ဖို့ လိုတယ်နော်။

ဆိမ့်အရသာ ရူပက္ခန္ဓာ တရားအပေါ်မှာ ကြက်သား၊ ဝက်သားအနေနဲ့ စားချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက လောဘတဏှာ သမုဒယသစ္စာ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ လောဘတဏှာ သမုဒယသစ္စာ အကြောင်းရှိတော့ အကျိုးခန္ဓာ မပေါ်ဘူးလား . . . (ပေါ်ပါတယ် ဘုရား)။ ခန္ဓာရရင် အိုနာသေ လွတ်ကဲ့လား . . . (မလွတ်ပါဘူး ဘုရား)။ ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါ ဘုရား)။ သမုဒယနဲ့ ဒုက္ခပေါ့။ အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရားပေါ်တာလား . . . (အကြောင်းကြောင့် အကျိုးတရားပေါ်တာပါ ဘုရား)။ အဲဒီလို စိစစ်ဖို့မကောင်းလား . . (ကောင်းပါတယ် ဘုရား)။

www.dhammadownload.com



ဆိမ့်အရသာ ရူပက္ခန္ဓာတရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါ ဘုရား)။ ဒုက္ခသစ္စာလို့ ပိုင်းခြားလို့ သိတာက . . . (သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာပါ ဘုရား)။ သမုဒယသစ္စာ သေတာနဲ့ နောက်ခန္ဓာ မလာတာ . . . (နိရောဓသစ္စာပါ ဘုရား)။ ဒါ မဂ္ဂ နိရောဓပေါ့။ အဲဒါ (၂) အကွက်မှာကွဲ့။ အဲဒီလို ယူတတ်ဖို့ မလိုဘူးလား . . . (လိုပါတယ် ဘုရား)။

ဟို စာပဲ သွားကြည့်နေလို့ ဘယ်လိုရမှာလဲဟေ့။ အဲဒါ ဟိုက ဆရာတော်ဘုရားကြီး မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ **စာပဋိစ္စသမုပ္ပါဒ်နဲ့ ခင်ဗျားတို့ ဒိဋ္ဌိ မပြုတ်ဘူး** လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်နဲ့မှ ဒိဋ္ဌိပြုတ်မယ်လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ အဲဒါ လက်တွေ့ မျက်တွေ့လိုတာ ကွဲ့။ ခန္ဓာကပ်ဖို့ လိုတာနော်။ နာမည်နဲ့ တော့ မရဘူးကွဲ့၊ ခန္ဓာကို တွေ့ဖို့လိုတာ။ တွေ့ပုံတွေ့ နည်းကလည်း စဉ်းစားနော်။

ထူးဆန်းတဲ့ အသီးတစ်လုံးပေါ့၊ သံပရိုလည်း မဟုတ်ဘူးနော်။ ရှောက်သီးလည်း မဟုတ်ဘူးနော်၊ သံပရာ လည်း မဟုတ်ဘူးနော်။ လူတစ်ယောက်က လေးစိတ် စိတ်

www.dhammadownload.com



ပြီးတော့ ဆားနဲ့ တို့စားတာပေါ့။ ဘယ်လိုနေသလဲလို့ မမေးရဘူးလား . . . (မေးရပါတယ် ဘုရား)။ ချဉ်တာပေါ့၊ အချိုဓါတ်လည်း ပါတာပေါ့။ အခါးဓါတ်လည်း ပါတာပေါ့၊ စပ်တာလည်း ပါတယ်လို့ မပြောဘူးလား . . . (ပြောပါတယ် ဘုရား)။ သူပြောတဲ့အခါ ဘေးက ရပ်ကြည့်တဲ့ သူတွေက ကြားတော့ မသိဘူးလား . . . (သိပါတယ် ဘုရား)။ စပ်တာလည်းပါတယ်၊ ခါးတာလည်းပါတယ်၊ ချဉ်တာ ပါတယ်လို့ မပြောဘူးလား . . . (ပြောပါတယ် ဘုရား)။

သို့သော် စားတဲ့သူနဲ့ ဟိုကပြောလို့ သိတာနဲ့ တူရဲ့လား . . . (မတူပါဘူး ဘုရား)။ စားလို့ သိတာက ရှင်းလို့ရတယ်၊ ပြောလို့ သိတာက ရှင်းလို့ မရဘူး။ အဲဒီလို လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ သညာသိ။ စားသိက ထိုးထိုး ထွင်းထွင်း လင်းလင်း ရှင်းရှင်းသိ။ အဲဒီလို လည်း လေ့လာကြဦး။ အဲဒါ လိုရင်းအချက်တွေနော်၊ အဲဒီလို စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

လက်တွေ့ မျက်တွေ့ပေါ့၊ ဘုန်းကြီး ဟောတာထက် ခန္ဓာကပြတာ ဘယ်လောက်များ ရှင်းသလဲ။ အော့လိုက် အန်လိုက်နဲ့၊ အိုနာလို့ ဘုရားက မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ ဘယ်လောက်များ ထင်ရှားသလဲ

www.dhammadownload.com



ကွာ။ ခန္ဓာက ပြတာ၊ အဲဒါလေးတစ်ခု သိတာနဲ့တောင် (၂) က (၃)ကို မကူးတော့ဘူး၊ ကြားရဲ့လား။ အဲဒီလို လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ ကျဉ်တယ် ကိုက်တယ် နာတယ် ခဲတယ် မတွေ့ဘူးလား . . . (တွေ့ ပါတယ် ဘုရား)။ ကြည့်တော့ ဩော် . . ဘုရားဟောတာ တစ်ခုမှ မကောင်းဘူးပြောတာ မှန်ပါတကား။ ကဲ အဲဒါ ကျဉ်ချင်သလား . . . (မကျဉ်ချင်ပါဘူး ဘုရား)။ နာချင် သလား . . . (မနာချင်ပါဘူး ဘုရား)။ အကိုက်အခဲ ခံချင်ရဲ့လား . . . (မခံချင်ပါဘူး ဘုရား)။ အဲဒါ ညောင်းတာ ညာတာ ကိုက်တာတွေဟာ ကိုယ့်သဘောအတိုင်းဖြစ် ရဲ့လား . . . (မဖြစ်ပါဘူး ဘုရား)။ အဲဒါ ငါဟုတ်လို့လား၊ မဟုတ်လို့လား . . . (မဟုတ်လို့ပါ ဘုရား)။ တော်တော်ကြာ ညောင်းတယ် ညာတယ် ငါဘာလိုတယ် ညာလိုတယ်၊ ပြောစရာလိုသေးရဲ့ လား . . . (မလိုပါဘူး ဘုရား)။ ခန္ဓာက ပြနေတာ၊ ခန္ဓာက ပြတာကို မသိတာ ခက်တယ်ကွဲ့၊ ဘယ်လောက်များ ထင်ရှားသလဲနော်။ **နုဒီသောတော ဝိယ** လို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။

ကဲ လူတစ်ယောက်က နေပြီးတော့ ဈေးကို သွား လာခဲ့တာပေါ့။ လမ်းတစ်ဝက် လောက်ကျတော့ အပြန်ပေါ့

www.dhammadownload.com



နော်။ ခလုတ်တိုက် လဲသွားတာ၊ မြေကြီးကလန်၊ သွေးတွေကထွက်၊ အလျားမှောက်လဲ ဒူးကြီးကပွဲ၊ ကြားလား။ ပွဲသွားပြီ၊ အောင်မနေဘူးလား . . . (အောင်နေပါတယ် ဘုရား)။ အလိုလေးဗျ၊ အမယ်လေးဗျ၊ နာလှချေရဲ့ဗျ၊ မအောင်ဘူးလား . . . (အောင်ပါတယ် ဘုရား)။ အောင်နေတာ လူလား၊ ဝေဒနာလား . . . (ဝေဒနာပါ ဘုရား)။ ဒီက အများကတော့ ဘယ်သူလို့ မပြောဘူးလား . . . (ပြောပါတယ် ဘုရား)။ ဟိုမှာ အောင်တာ သူတွေ ငါတွေလား၊ ဝေဒနာလား . . . (ဝေဒနာပါ ဘုရား)။ အဲဒီလို ပိုင်းခြားဖို့ မလိုလား . . . (လိုပါတယ် ဘုရား)။ သူတွေ ငါတွေ မြင်တာက ပညတ်ပေါ့။ ဟိုကဟာက အောင်နေတယ်လို့ ကြားတာ အသံပရမတ်ပေါ့။ ခံစားတာက ဝေဒနာ၊ လေ့လာဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

ဘယ်ဆီမှာ နာတာလဲလို့ မမေးရဘူးလား . . . (မေးရပါတယ် ဘုရား)။ မြေမှာလို့ မပြောဘူးလား . . . (ပြောပါတယ် ဘုရား)။ မြေမှာနော်၊ ကြည့်တဲ့အခါ မြေမကို မြင်တာလား၊ အဆင်းကို မြင်တာလား . . . (အဆင်းကို မြင်တာပါ ဘုရား)။ အဆင်းကို မြင်တာနော်၊ လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ သွေးတွေ

www.dhammadownload.com



ထွက်ပြီးတော့ ရေချိုးနဲ့ ဆားနဲ့ တစ်ခါတည်း သမအောင် နယ်ပြီးတော့မှ မနှိပ်ရဘူးလား . . . (နှိပ်ရပါတယ် ဘုရား)။ သွေးတွေ မဆေးရဘူးလား . . . (ဆေးရပါတယ် ဘုရား)။

အဲဒီလို ဆေးကြောလို့ ကိုင်တွယ်တဲ့အခါကျတော့ ခြေမ တွေ့သလား၊ မာတာ တွေ့သလား . . . (မာတာ တွေ့ ပါတယ် ဘုရား)။ ဒါ (၂) အကွက်မှာကွဲ့၊ (၂) အကွက်၊ (၂) အကွက်၊ အင်း စိစစ်ဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ ခြေမ တွေ့သလား၊ မာတာ တွေ့သလား . . . (မာတာတွေ့ပါတယ်ဘုရား)။ အဲဒါ မိမိကနေပြီးတော့ အော် လို့ ခံစားတာ သူ၊ ငါလား ဝေဒနာလား . . . (ဝေဒနာပါ ဘုရား)။ အဲဒီလို တွေ့တဲ့ကိစ္စတွေက ကာယဝိညာဏ်ပေါ့။ လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ ဆေးကြောပြီးတော့မှ ဆေးလေး ဘာလေးတွေ ထည့်လို့ ပတ်တီးစည်းပြီးတော့ ပြုတဲ့အခါ တော်တော်လေး သက်သာ မလာဘူးလား . . . (သက်သာလာပါတယ် ဘုရား)။အဲဒါ သူတွေ ငါတွေလား၊ စေတနာ သင်္ခါရက္ခန္ဓာလား . . . (စေတနာ သင်္ခါရက္ခန္ဓာပါ ဘုရား)။ အဲဒီလို စိစစ်ဖို့ မကောင်း လား . . . (ကောင်းပါတယ် ဘုရား)။

အခုက ခြေထောက်၊ ခြေမ နာတယ်၊ ခြေမ ရှာလို့

www.dhammadownload.com



မတွေ့ဘူး။ ကိုင်ကြည့်တော့လည်း မာတာကွဲ့။ မျက်စိနဲ့ ကြည့်ပြန်တော့လည်း အဆင်းကွဲ့။ ခြေမ တွေ့ရဲ့လား . . . (မတွေ့ပါဘူးဘုရား)။ ကိုင်ကြည့်တော့လည်း မာတာပဲ တွေ့တယ်နော်။ အဲ တခါ ဒူးခေါင်းလို့ မပြောဘူးလား . . . (ပြောပါတယ် ဘုရား)။ ကြည့်တော့ ဒူးခေါင်းကို မြင်တာ လား၊ အဆင်းကို မြင်တာလား . . . (အဆင်းကို မြင်တာပါ ဘုရား)။ ကိုင်ကြည့်တော့ခါ ဒူးခေါင်းလား၊ မာတဲ့သဘော လား . . . (မာတဲ့ သဘောပါ ဘုရား)။ အဲဒီလို လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ ဒါကြောင့် ခန္ဓာပျောက်နေတယ်။ အခု ခန္ဓာငါးပါးကို လူတွေက မသိပါ တကား၊ ခန္ဓာငါးပါး သိရင် သက္ကာယဒိဋ္ဌိ ပြုတ်ပြီးပြီ။ ကဲ ဘယ်ခန္ဓာလဲ စဉ်းစား . . . ။

သညာက္ခန္ဓာလို့ မဟောဘူးလား . . . (ဟောပါ တယ် ဘုရား)။ သညာက္ခန္ဓာ ဖယ်ထား ဒူးခေါင်း ရှိရဲ့လား . . . (မရှိပါဘူး ဘုရား)။ သညာက္ခန္ဓာဖယ်ထား ခြေမ ရှိရဲ့ လား . . . (မရှိပါဘူး ဘုရား)။ တံလျှပ်ပမာဏာလို့ မဟော ဘူးလား . . . (ဟောပါတယ် ဘုရား)။ အဲဒီလို စိစစ်ဖို့ မကောင်းလားကွဲ့ . . . (ကောင်းပါတယ် ဘုရား)။ အဲဒါ လိုရင်းအချက်ပေါ့။ အဲဒါ တံလျှပ်၊ တကယ်ရှိတာ ဟုတ်ရဲ့

www.dhammadownload.com



လား . . . (မဟုတ်ပါဘူး ဘုရား)။ အဲဒါ လိုရင်း အချက်တွေနော်။ အဲဒီလို စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ ငါးပါးစလုံးကိုက အနှစ်သာရ မရှိဘူး၊ စဉ်းစားဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ ထိထိမိမိ သဘောပေါက်ဖို့ လိုတယ်နော်။

အဲဒီလို ခံစားနေတာကို ဝေဒနာလို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ အဲဒါ ကာယိကဒုက္ခ၊ စေတသိကဒုက္ခ ကိုယ်မှာဖြစ်တာ။ **သုခဝေဒနာ ကိုယ်မှာပေါ်သည်၊ ဒုက္ခဝေဒနာ ကိုယ်မှာပေါ်သည်** ဟော မဟော . . . (ဟောပါတယ် ဘုရား)။ အဲဒါ ဝိပဿနာ မထိုက်ဘူး။ ခဏခဏ ဖြစ်သလား၊ တစ်နေ့မှာ တစ်ခါဖြစ်သလား . . . (တစ်နေ့မှာ တစ်ခါဖြစ်တာပါ ဘုရား)။ ဘုရားဟောတာက **နဒီသောတော ဝိယ** လို့ ဟောမဟော . . . (ဟောပါတယ် ဘုရား)။ မြစ်ရေများ စီးသလို ဟော မဟော . . . (ဟောပါတယ် ဘုရား)။ ဒါကြောင့် **ဥပေက္ခာဝေဒနာ မျက်စိမှာပေါ်သည်၊ နားမှာပေါ်သည်၊ နှာမှာပေါ်သည်၊ လျှာမှာပေါ်သည်** မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ စဉ်းစားဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ **သောမနဿဝေဒနာ စိတ်မှာ ပေါ်သည်၊ ဒေါမနဿဝေဒနာ စိတ်မှာ ပေါ်သည်** မဟောဘူးလား

www.dhammadownload.com



. . . (ဟောပါတယ် ဘုရား)။ အဲဒါ တဖြုတ်ဖြုတ်နဲ့ ဖြစ်ပျက်တာကို ရှုရမှာ၊ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒါ ပြန်စဉ်းစားနော်။

ငရုတ်သီး ရင့်ရင့်ကို ဝါးစားကြည့်လိုက်တာပေါ့။ ဘယ်လို တွေ့သလဲ . . . (စပ်ပါတယ် ဘုရား)။ စပ်တယ်နော်။ အသုပ်တစ်ခုခု ဟင်းပေါ့၊ အမျှားကြိုက်တဲ့ ဟင်းကို သုပ်လိုက်နော်။ ငရုတ်သီးက ထောင်းပြီးတော့ ထည့်ထားတော့ မြင်ရပ့ါမလား . . . (မမြင်ရပါဘူး ဘုရား)။ မစားနိုင်တဲ့ ပုဂ္ဂိုလ်က လက်သုံးချောင်းနဲ့ နှိုက်ပြီးတော့ ခွံ့ပြီး ဝါးပစ်တာကိုး၊ စပ်လွန်းလို့ ထွေးမပစ်ဘူးလား . . . (ထွေးပစ်ပါတယ် ဘုရား)။ ထွေးပစ်တယ်နော်။ ဟာ သေပါလိမ့်မယ်ကွာ၊ စပ်တာ သေပါလိမ့်မယ်ဟာ၊ စပ်တာ ထွေးပစ်တာ။ သွားရည်တွေ ယိုလို့နေတာ ကြားရဲ့လား။ တစ်ယောက်က နောက်မှ နှိုက်တာနော်၊ အခုမှ အရသာတွေ့တယ် အင်မတန်ကောင်းတယ်လို့ မထောက်ခံဘူးလား . . . (ထောက်ခံပါတယ် ဘုရား)။ ဟိုတစ်ယောက်က မကောင်းဘူးလို့ ကန့်ကွက်တယ်၊ တစ်ယောက်က ကောင်းတယ်လို့ ထောက်ခံတယ်။ ငရုတ်သီးဆိုတဲ့ နာမည် လူမျိုး တစ်ရာ့တစ်ပါး တူရဲ့လား . . . (မတူပါဘူး ဘုရား)။ မတူတာ ရှိလို့လား မရှိလို့လား . . . (မရှိလို့ပါ ဘုရား)။ မရှိရင် ငရုတ်သီးအနေနဲ့

www.dhammadownload.com



စွဲစရာလိုသေးရဲ့လား . . . (မလိုပါဘူး ဘုရား)။

အခုလည်း လျှာမှာတွေ့တာ စပ်တဲ့အရသာ မတွေ့လား . . . (တွေ့ပါတယ် ဘုရား)။ စပ်တဲ့အရသာ လူမျိုးတစ်ရော့တစ်ပါး မတူဘူးလား . . . (တူပါတယ် ဘုရား)။ စပ်တဲ့ထဲမှာ ကောင်းတာပါရဲ့လား . . . (မပါပါဘူး ဘုရား)။ ဆိုးတာပါရဲ့လား . . . (မပါပါဘူး ဘုရား)။ **ဥပေက္ခာ ဝေဒနာ လျှာမှာပေါ်သည်** မဟောဘူးလား . . . (ဟောပါ တယ် ဘုရား)။ မျိုကြည့်လိုက် ရှိသေးရဲ့လား . . . (မရှိတော့ ပါဘူး ဘုရား)။ အနိစ္စလို့ မဟောဘူးလား . . . (ဟောပါ တယ် ဘုရား)။ သိတာက မဂ္ဂလို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ (၂) က (၃) ကို ကူးသေးရဲ့လား . . . (မကူးပါဘူး ဘုရား)။ အဲဒီလို လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ သိမှုပယ်နိုင်တာနော်။ အဲဒါ ထိထိ မိမိ သဘောပေါက်ဖို့လိုတယ်။ အဲဒါ ပဋိစ္စသမုပ္ပါဒ် ခန္ဓာကပ်တတ်ဖို့ လိုတာ။ စာနဲ့ ရပေမယ့် မဟုတ်သေး မမှန် သေးဘူးနော်။ သို့သော် စာလည်း ပရိယတ် အခြေခံရမှာပေါ့။ လေ့လာဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ လေ့လာကြ၊ အဲဒါ ထိထိ မိမိ သဘောပေါက်ဖို့ လိုတယ်။

**နဒီသောတော ဝိယ** ဆိုတာ တသုတ်သုတ် တဖြုတ်ဖြုတ် ဖြစ်ပျက်နေတာနော်။ အဲဒါမှ ဝိပဿနာ ထိုက်

www.dhammadownload.com



တာနော်။ ဆယ်ခါ့ တစ်ခါ နာတာ ကာယိကဒုက္ခ၊ စေတသိကဒုက္ခပေါ့။ အဲဒီလို လေ့လာဖို့မကောင်းလား . . . (ကောင်းပါတယ်ဘုရား)။ ဒါကြောင့်မို့ မိုးကုတ် ဆရာတော်ဘုရားကြီးက **သုခဝေဒနာ ကိုယ်မှာပေါ်သည်၊ ဒုက္ခဝေဒနာ ကိုယ်မှာ ပေါ်သည်၊ ကိုယ်သာနာ၍ စိတ်မနာစေနဲ့** လို့ မဟောဘူးလား . . . (ဟောပါတယ်ဘုရား)။ စဉ်းစားဖို့ မကောင်းလား . . . (ကောင်းပါတယ်ဘုရား)။ အဲဒီလို အကျိုးအပြစ်ကို သိတဲ့အခါ ဒေါသဖြစ်သေးရဲ့လား . . . (မဖြစ်တော့ပါဘူးဘုရား)။ စိတ်မနာတာကွဲ့။ လွတ်မနေဘူးလား. . . (လွတ်နေပါတယ်ဘုရား)။ ဤနေရာရောက်အောင် ကြိုးစား အားထုတ်ပေါ့နော်။

ကဲ စားဆဲခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါဘုရား)။ သိတာက . . . (မဂ္ဂသစ္စာပါဘုရား)။ သေတာက . . . (သမုဒယ သစ္စာပါဘုရား)။ နောက်ခန္ဓာ မလာတာ (နိရောဓသစ္စာပါ ဘုရား)။ ပဋိစ္စသမုပ္ပါဒ် အကွက်ဘယ်နှစ်ကွက်ရှိ . . . (လေးကွက် ရှိပါတယ်ဘုရား)။ တစ်ကွက်လျှင် ဘယ်နှစ်ပါး . . . (ငါးပါးပါ ဘုရား)။ ငါးလေးလီ. . . (နှစ်ဆယ်)။ဤရှစ်သွယ်ကို . . . (အလွယ် ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း)။

သာဓု သာဓု သာဓု

www.dhammadownload.com



## မုံလယ်ဆရာတော်ဘုရားကြီး၏ မေတ္တာပို့

အရှေ့အရပ်မှာနေ များလှသတ္တဝါတွေ ကျန်းမာ ချမ်းသာကြပါစေ။ တို့တောင်းဆု မေတ္တာဝေ။ ကြွစိတ်တံ လိုရာပြည့်တော့ ချမ်းသာခြင်း လက်ငင်းရပါစေ။

တောင်အရပ်မှာနေ များလှသတ္တဝါတွေ ကျန်းမာ ချမ်းသာကြပါစေ။ တို့တောင်းဆု မေတ္တာဝေ။ ကြွစိတ်တံ လိုရာပြည့်တော့ ချမ်းသာခြင်း လက်ငင်းရပါစေ။

အနောက်အရပ်မှာနေ များလှသတ္တဝါတွေ ကျန်း မာ ချမ်းသာကြပါစေ။ တို့တောင်းဆု မေတ္တာဝေ။ ကြွစိတ်တံ လိုရာပြည့်တော့ ချမ်းသာခြင်း လက်ငင်းရပါစေ။

မြောက်အရပ်မှာနေ များလှသတ္တဝါတွေ ကျန်း မာ ချမ်းသာကြပါစေ။ တို့တောင်းဆု မေတ္တာဝေ။ ကြွစိတ်တံ လိုရာပြည့်တော့ ချမ်းသာခြင်း လက်ငင်းရပါစေ။

အထက်အရပ်မှာနေ များလှသတ္တဝါတွေ ကျန်း မာ ချမ်းသာကြပါစေ။ တို့တောင်းဆု မေတ္တာဝေ။ ကြွစိတ်တံ

www.dhammadownload.com



လိုရာပြည့်တော့ ချမ်းသာခြင်း လက်ငင်းရပါစေ။

အောက်အရပ်မှာနေ များလှသတ္တဝါတွေ ကျန်း မာ ချမ်းသာကြပါစေ။ တို့တောင်းဆု မေတ္တာဝေ။ ကုန်စိတ် လိုရာပြည့်တော့ ချမ်းသာခြင်း လက်ငင်းရပါစေ။

တို့ကျောင်းဝိုင်းအတွင်းမှာနေ များလှသတ္တဝါ တွေ ကျန်းမာ ချမ်းသာကြပါစေ။ တို့တောင်းဆု မေတ္တာ ဝေ။ ကုန်စိတ် လိုရာပြည့်တော့ ချမ်းသာခြင်း လက်ငင်း ရပါစေ။

အောင်ပါစေ၊ ချမ်းကြည်အေးမြစေ။ မင်္ဂစခန်း တက် လှမ်းနိုင်ပါစေ။

ဤသို့ပြုရ ကုသလကြောင့် များလှဝေနေ အမျှ ပေးဝေသည် နတ် လူ ဗြဟ္မာ သာဓု ခေါ်စေသော်။

( ကုသိုလ် . . . အမျှ အမျှ အမျှ ယူတော် မူကြပါကုန်လော့ . . သာဓု သာဓု သာဓု ။ )[၃ကြိမ်]

www.dhammadownload.com



(ဆရာတော် သံဃာတော်
ဘေးရန် ကင်းပါစေ၊
စိတ်ဆင်းရဲ ကင်းပါစေ၊
ကိုယ်ဆင်းရဲ ကင်းပါစေ၊
ဆရာတော် သံဃာတော်
ကျန်းမာစွာဖြင့် ချမ်းသာစွာနှင့်
ခန္ဓာ့ဝန်ကို သာသနာ့ဝန်ကို
လွယ်ကူစွာ ဆောင်ရွက် နိုင်ပါစေ၊
စိတ်ဆင်းရဲ ကင်းပါစေ၊
ကိုယ်ဆင်းရဲ ကင်းပါစေ။) ၃-ကြိမ်

၃-ကြိမ်
(ဆရာတော် သက်တော် ရာကျော်ရှည်ပါစေ၊)

သာဓု ... သာဓု ... သာဓု

www.dhammadownload.com

# ဓမ္မဒါန အလှူရှင်

ဦးကျော်မင်း+ ဒေါ်သီသီလွင်

သား မောင်ထက်ဦး၊ သမီး မစမ်းမြသီတာမင်း

မိသားစု (ရွှေပြည်နန်း ကုမ္ပဏီလီမိတက်)




## မိုလယ်တောရ ဓမ္မရိပ်သာ

| | | |
|---|---|---|
| ဂန့်ဂေါ (ပင်ရင်း) | ဖုန်း- | ၀၆၂-၅၀၀၈၈ |
| | | ၀၆၂-၅၀၀၈၉ |
| ပဲခူး၊ (၁၀) မိုင်ကုန်း၊ တိုက်ခွဲ အမှတ် (၁) | | |
| | ဖုန်း- | ၀၉-၈၆၅၀၉၄၇ |
| ကျိုင်းတုံမြို့၊ တိုက်ခွဲ အမှတ် (၂) | | |
| | ဖုန်း- | ၀၈၄-၂၂၅၀၁ |
| မန္တလေးမြို့၊ တိုက်ခွဲ အမှတ် (၃) | | |
| | ဖုန်း- | ၀၂- ၉၁၀၁၀၀၁၂ |
| တောင်ကြီးမြို့၊ | ဖုန်း- | ၀၈၁-၂၁၀၉၆ |